## ၁၂။ အာဖရိကန်ခရုကြီး

**Giant African Land Snail: *Lissachatina fulica* (Bowdich, 1822)**

**Stylommatophora : Achatinidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ခရုခွံပုံစံမှာ ကတော့ပုံစံရှိသည်။ ခရုခွံအရောင်မှာ အညိုဖျော့ရောင်ဖြစ်ပြီး အစာပေါ်မူတည်၍ အရောင်အမျိုးမျိုးရှိကြသည်။ အကောင်ငယ် စဉ်တွင် ခရုခွံ အညိုဖျော့ ရောင်ပေါ်တွင် အညို ရောင် နှင့် နို့နှစ်ရောင် တစ်လှည့်စီ ရစ်ပတ်လျှက်ရှိပြီး အကောင်ကြီး တွင်ရစ်ပတ်ထားသော အရစ် များသည် အပေါ်ပိုင်းတွင်သာ ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ခရုငယ်များသည် အရည်ရွှမ်း သောအရွက်များနှင့် အညွန့်နုလေးများကို စားသောက်ဖျက်ဆီးသည်။ ယင်းခရုဆိုးရွားစွာကျရောက်သည့် စိုက်ခင်းများတွင် ပင်စည်များ ကျိုးကျပျက်ဆီး နေသည်ကို တွေ့ရသည်။

**ဘ၀စက်ဝန်း**

ဥ အဆင့် – (၁၇ ) ရက်
တွားသွားကောင် အဆင့် – (၅–၁၅) ရက်
အကောင်ကြီး အဆင့် –(၅–၆) နှစ်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဥမြုံနှင့် ခရုများကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)မျှားစာချပါ။ (သဘောရွက်၊နာနတ်ခွံ၊ဂေါ်ဖီရွက်၊ဖရဲခွံ)

(၃) စားသေအာနိသင်ရှိသော ခရုသတ် ဆေးတစ်မျိုးမျိုးကို ဘူး၊အိတ်ပါအညွှန်းစာ အတိုင်း ပက်ဖျန်း ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- မက်တယ်လ်ဒီဟိုက် (Metaldehyde)
- နီကလိုဆမိုက် (Niclosamide)
- ကာဘာရိုင်း+မက်တယ်လ်ဒီဟိုက်(Carbaryl+Metaldehyde)